ကာကွယ်ဆေး အချက်အလက်များဆိုင်ရာ ဖော်ပြချက်

# DTaP (ဆုံဆို့နာ၊ မေးခိုင်ရောဂါ၊ ကြက်ညှာချောင်းဆိုး) ကာကွယ်ဆေး - သင်သိထားရမည့် အကြောင်းအရာများ

Many vaccine information statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက်ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသောဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ။

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**DTaP ကာကွယ်ဆေးသည်ဆုံဆို့နာ၊ မေးခိုင်** နှင့်**ကြက်ညှာချောင်းဆိုး ရောဂါများမဖြစ်အောင် ကာကွယ်ပေးသည်**။

ဆုံဆို့နာနှင့် ကြက်ညှာချောင်းဆိုးရောဂါပိုးသည် လူတစ်ဦးမှတစ်ဦးသို့ ပြန့်ပွားသည်။ မေးခိုင်ပိုးသည် ရှရာများသို့မဟုတ် အနာများမှတဆင့် ကိုယ်ထဲသို့ ဝင်ရောက်ပါသည်။

- **ဆုံဆို့နာရောဂါ** (DIPHTHERIA, D) သည် အသက်ရှူရခက်ခြင်း၊ နှလုံးဖောက်ခြင်း၊ လေဖြတ်ခြင်းသို့မဟုတ် အသက်သေဆုံးခြင်းတို့ ဖြစ်စေနိုင်သည်။
- **မေးခိုင်ရောဂါ** (TETANUS, T) သည် ကြွက်သားများကို တောင့်တင်းနာကျင်စေသည်။ မေးခိုင်ရောဂါသည် ပါးစပ်မဟနိုင်ခြင်း၊ အစာမျိုရခက်ခြင်း၊ အသက်ရှူရခက်ခြင်း သို့မဟုတ် အသက်သေဆုံးခြင်းအပါအဝင် ဆိုးရွားလေးနက်သော ပြဿနာများဖြစ်စေနိုင်သည်။
- **ကြက်ညှာချောင်းဆိုး** (PERTUSSIS, aP) တစ်ဖြစ်လည်း "whooping cough" သည်အသက်ရှူရခက်သော၊ အစာစားရခက်သော သို့မဟုတ် သောက်ရခက်သော အဆက်မပြတ်ထိန်းမရအောင် ပြင်းထန်စွာ ချောင်းအလွန်ဆိုးခြင်းဖြစ်သည်။ ကြက်ညှာချောင်းဆိုးသည် အလွန်ဆိုးရွာပြင်းထန်နိုင်ပြီး အထူးသဖြင့် ကလေးငယ်များနှင့် ကလေးများတို့တွင် နမိုးနီးယား၊ အကြောဆွဲခြင်း၊ ဦးနှောက်ပျက်စီးခြင်း သို့မဟုတ် အသက်သေဆုံးခြင်းတို့ဖြစ်စေနိုင်သည်။ လူကြီးများနှင့် ဆယ်ကျော်သက်ရွယ်များတွင် ၎င်းက ကိုယ်အလေးချိန်ကျဆင်းခြင်း၊ ဆီးအိမ်ထိန်းချုပ်မှုဆုံးရှုံးခြင်း၊ ဆီးမထိန်းနိုင်ခြင်း နှင့် ပြင်းထန်စွာချောင်းဆိုးခြင်းကြောင့် နံရိုးများအက်ကြေခြင်းတို့ ဖြစ်စေနိုင်သည်။

## 2. DTaP ကာကွယ်ဆေး

DTaP သည် အသက် ၇ နှစ်အောက် ကလေးများ အတွက်သာ ဖြစ်သည်။ အသက်ပိုကြီးသော ကလေးများ၊ မြီးကောက်ပေါက်အရွယ်များနှင့် လူကြီးများအတွက် ဆုံဆို့နာ၊ မေးခိုင်ရောဂါ နှင့် ကြက်ညှာချောင်းဆိုး (Tdap နှင့် Td) တို့အားကာကွယ်ပေးသည့် မတူညီသော ကာကွယ်ဆေးများလည်း ရှိပါသည်။

ကလေးများသည် DTaP ကာကွယ်ဆေးကို 5 ကြိမ်အထိ ထိုးရန် အကြံပြုထားသည်မှာ ပုံမှန်အားဖြင့် အောက်ဖော်ပြပါ အသက်အရွယ်တို့အတွက်ဖြစ်သည်-

- ၂ လ
- ၄ လ
- ၆ လ
- ၁၅-၁၈ လ
- ၄-၆ နှစ်

DTaP ကာကွယ်ဆေးကို ကာကွယ်ဆေးတစ်ခုတည်းအဖြစ် ထိုးပေးနိုင်သလို ပေါင်းစည်းကာကွယ်ဆေး (ကာကွယ်ဆေးအမျိုးအစားများစွာကို ကာကွယ်ဆေးတစ်ခုတည်းအဖြစ်ပေါင်းစည်းထားသည်)အဖြစ်လည်း ထိုးပေးနိုင်သည်။

DTaP ကို အခြားသော ကာကွယ်ဆေးများ နှင့် တချိန်တည်း ပေးနိုင်သည်။

## 3. သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူဖြင့် ပြောဆိုဆွေးနွေးပါ

အကယ်၍ ကာကွယ်ဆေးထိုးမည်ဆိုလျှင် သင်၏ ကာကွယ်ဆေးပံ့ပိုးမည့်သူထံသို့ အောက်ပါအချက်များအား ပြောပြပါ -

- ယခင်က **မေးခိုင်၊ ဆုံဆို့ သို့မဟုတ် ကြက်ညှာချောင်းဆိုး ကာကွယ်ဆေး ဆေးတစ်ကြိမ် ထိုးပြီးနောက် ဓါတ်မတည့်သည့် တုံ့ပြန်မှုဖြစ်ခဲ့ဖူးလျှင်** သို့မဟုတ် **ပြင်းထန်သော အသက်အန္တရာယ်ရှိန်းခြောက်သည်အထိ ဓါတ်တုံ့ပြန်မှုတစ်စုံတစ်ရာ** ရှိခဲ့ဖူးခြင်း။
- ကာကွယ်ဆေး ပက်ကေ့ချ်အတွက် Food and Drug Administration (FDA) ဝဘ်ဆိုက်သို့ သွားရောက်ပြီးနောက်ထပ်အချက်အလက်ကို **www.fda.gov/vaccines-blood-biologics/vaccines မှာဖြည့်သွင်းပါ။**
- **တက်ခြင်းများ သို့မဟုတ် အခြား အာရုံကြောစနစ် ပြဿနာရှိခဲ့ဖူးခြင်း။**
- **Guillain-Barré Syndrome ဂွီလိမ်-ဘာရေး ရောဂါလက္ခဏာစု** (GBS ဟုလည်းခေါ် ဆိုသော) **အခြေအနေတစ်ရပ်** ရှိခဲ့ဖူးခြင်း။
- **မေးခိုင် သို့မဟုတ် ဆုံဆို့နာရောဂါမဖြစ်အောင် ကာကွယ်ပေးသည့် ကာကွယ်ဆေးတစ်ခုခုထိုးခဲ့ပြီးနောက် ဆိုးရွားသော နာကျင်ခြင်း သို့မဟုတ် ရောင်ရမ်းခြင်း။**

အချို့သော ဖြစ်ရပ်များတွင် သင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်သူသည် DTaP ကာကွယ်ဆေး ထိုးမှုကို နောက်တကြိမ်ဆေးခန်းလာသည်အထိရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

အအေးမိခြင်း ကဲ့သို့ အသေးစား နာမကျန်းမှုရှိသော ကလေးများ သည် ကာကွယ်ဆေး ထိုး၍ရနိုင်သည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသော ကလေးများ သည် DTaP ကာကွယ်ဆေး မထိုးမီ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကလေး၏ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 4. ကာကွယ်ဆေးတုံ့ပြန်မှုအန္တရာယ်များ

- DTaP ကာကွယ်ဆေးထိုးပြီးနောက် ဆေးထိုးထားသည့်နေရာတွင် နာကျင်ခြင်း သို့မဟုတ် ရောင်ရမ်းခြင်းဖြစ်တတ်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ စိတ်လက်မအီသာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစာစားလိုစိတ်မရှိခြင်း၊တစ်ခါတစ်ရံတွင် အော့အန်ခြင်းတို့ ဖြစ်တတ်သည်။
- ပိုမိုပြင်းထန်သော ဓါတ်တုန့်ပြန်မှု ဥပမာ တက်ခြင်း၊ ၃ နာရီနှင့် အထက် ပိုမို၍ မရပ်ပဲ ငိုကြွေးခြင်း သို့မဟုတ် ကိုယ်ပူ အလွန်မြင့်ခြင်း (၄၀.၅ ဒီဂရီ စင်တီဂရိတ် [၁၀၅ ဒီဂရီ ဖာရင်ဟိုက်]) တို့သည် DTaP ကာကွယ်ဆေးထိုးပြီး တခါတရံမှသာလျှင် ဖြစ်တတ်သည်။ ရှားရှားပါးပါး၊ အထူးသဖြင့် ပိုမို ကြီးသော ကလေးများတွင် သူတို့၏ စတုတ္ထ သို့မဟုတ် ပဉ္စမ အကြိမ် ဆေးပမာဏ ကာကွယ်ဆေးထိုးပြီးနောက် လက်တစ်ခုလုံး သို့မဟုတ် ခြေထောက် တစ်ခုလုံး ရောင်လာတတ်သည်။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သောဓါတ်မတည့်ခြင်း၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

## 5. ပြင်းထန်သော တုံ့ပြန်မှု ပြဿနာများ ဖြစ်ပေါ်လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကာကွယ်ဆေးထိုးထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်တုန့်ပြန်မှုရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့် တုန့်ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) တို့ကို တွေ့ ရှိရပါက **9-1-1** သို့ ခေါ် ဆိုပြီး၊ ၎င်းပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင်၏ ကျန်းမာရေး စောင့်ရှောက်သူထံ ဖုန်းခေါ် ပါ။

ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား Vaccine Adverse Event Reporting System, VAERS (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) သို့ တင်ပြသင့်သည်။ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူသည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည်ဖြစ်သည် သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ပေသည်။ VAERS ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် [www.vaers.hhs.gov](http://www.vaers.hhs.gov) သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် **1-800-822-7967** သို့ ခေါ် ဆိုပါ။ *VAERS သည် ဓါတ်မတည့်တုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာ ဖြစ်ပြီး၊ VAERS ဝန်ထမ်းအဖွဲ့ဝင်များသည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6. ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး အမျိုးသား အစီအစဉ်

အမျိုးသား ကာကွယ်ဆေး ထိခိုက်ဒဏ်ရာ လျော်ကြေးပေးရေး အစီအစဉ် (National Vaccine Injury Compensation Program, VICP) သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ပြည်ထောင်စု အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ကာကွယ်ဆေးကြောင့်ဖြစ်သည်ဟု ပြောဆိုထားသည့် ထိခိုက်မှု သို့မဟုတ် အသက်သေဆုံးမှုနှင့်စပ်လျဉ်းသော တောင်းဆိုမှုများအတွက် လျှောက်ထားရန် အချိန်အကန့်အသတ်ရှိပြီး ယင်းမှာ ၂ နှစ်အထိ လျှော့ချထားပါသည်။ အစီအစဉ်အကြောင်း လေ့လာရန်နှင့် မကျေနပ်ချက်ကို တင်ပြရန်တို့အတွက် VICP ဝက်ဘ်ဆိုဒ် ဖြစ်သည့် [www.hrsa.gov/vaccinecompensation](http://www.hrsa.gov/vaccinecompensation) သို့သွားပါ သို့မဟုတ် **1-800-338-2382** သို့ခေါ် ဆိုပါ။

## 7. ပိုမိုလေ့လာနိုင်ရန်

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ် ဆိုပါ။
- ကာကွယ်ဆေး ပက်ကေ့ချ်အတွက် Food and Drug Administration, FDA (သည် အစားအစာနှင့် ဆေးဝါး အာဏာပိုင်) ဝဘ်ဆိုက်သို့ သွားရောက်ပြီးနောက်ထပ်အချက်အလက်ကို [www.fda.gov/vaccines-blood-biologics/vaccines](http://www.fda.gov/vaccines-blood-biologics/vaccines) မှာဖြည့်သွင်းပါ။
- Centers for Disease Control and Prevention, CDC (ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်းခေါ် ဆိုရန် **1-800-232-4636 (1-800-CDC-INFO)** သို့မဟုတ်
  - CDC ၏ ဝဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုရန် [www.cdc.gov/vaccines](http://www.cdc.gov/vaccines)

Burmese translation provided by the Immunization Action Coalition